# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## လွိုင်ကော်-ရှားတောမြို့နယ်

## လူထုဗဟိုပြုစီမံကိန်း

## National Community Driven Development Project



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၇-၂၀၁၈)


# Village Development Plan(VDP)

လွိုင်ကော်မြို့နယ်၊ နွားလပိုးကျေးရွာအုပ်စု၊ မြေနီကုန်းကျေးရွာ

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ၁။ မြို့နယ်ပြမြေပုံ | ၃ |
| ၂။ အုပ်စုမြေပုံ | ၄ |
| ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | ၅ |
| ၄။ ကျေးရွာသမိုင်းကြောင်း(ကျေးရွာအခြေခံအချက်အလက်များ) | ၆ |
| ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA)အကျဉ်းချုပ်ဇယား | ၈ |
| ၆။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံ | ၉ |
| ၇။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံသုံးသပ်ချက် | ၁၀ |
| ၈။ ဥစ္စာခနေကြွယ်ဝမှုအဆင့် သတ်မှတ်ချက်ပြပုံ | ၁၁ |
| ၉။ ဥစ္စာခနေကြွယ်ဝမှုအဆင့်သတ်မှတ်ချက်ဇယားသုံးသပ်ချက် | ၁၂ |
| ၁၀။ ရာသီခွင်ပြဇယား | ၁၃ |
| ၁၁။ ရာသီခွင်ပြဇယားသုံးသပ်ချက် | ၁၄ |
| ၁၂။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု | ၁၅ |
| ၁၃။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု သုံးသပ်ချက် | ၁၇ |
| ၁၄။ ပင့်ကူအိမ်ပြပုံ (ကျား၊မ) | ၁၈ |
| ၁၅။ ပင့်ကူအိမ်သုံးသပ်ချက် (ကျား၊မ) | ၁၉ |
| ၁၆။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ | ၂၀ |
| ၁၇။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက် | ၂၁ |
| ၁၈။ ကော်မတီဝင်များစာရင်း | ၂၂ |
| ၁၉။ ကျေးရွာအချက်အလက်များ (ပုံစံ-၁) | ၂၄ |
| ၂၀။ စီမံကိန်းအချိန်ဇယား (ပုံစံ-၂) | ၂၇ |
| ၂၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | ၂၉ |
| ၂၂။ အစည်းအဝေးမှတ်တမ်းများ | ၃၁ |
| ၂၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | ၃၃ |
| ၂၄။ဦးစားပေးလုပ်ငန်းများရွေးချယ်ခြင်းဇယား | ၃၄ |
| ၂၅။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ | ၃၅ |

# လှိုင်ကော်မြို့နယ်မြေပုံ



လှိုင်ကော်မြို့နယ်
N
ရှမ်းပြည်နယ်
စကေး - ၁လက်မ = ၄မိုင်
ရှားတောမြို့နယ်
ဒီးမော့ဆိုမြို့နယ်
ဘောလခဲမြို့နယ်
ရည်ညွှန်းချက်
နိုင်ငံတော်နယ်နိမိတ်
ပြည်နယ်နယ်နိမိတ်
မြို့နယ်နယ်နိမိတ်
ကျေးရွာအုပ်စုနယ်နိမိတ်
မြစ်ချောင်း
ကားလမ်း

# ကျေးရွာအုပ်စုမြေပုံ



# ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာများစာရင်း

| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် | မှတ်ချက် |
|---|---|---|---|
| ၁။ | နွားလပိုးအုပ်စု | နွားလပိုးစံပြ | |
| ၂။ | နွားလပိုးအုပ်စု | နွားလပိုးရွာမ | |
| ၃။ | နွားလပိုးအုပ်စု | ကယန်းကြခူ | |
| ၄။ | နွားလပိုးအုပ်စု | ပဒါးညေး | |
| ၅။ | နွားလပိုးအုပ်စု | လယ်ထွဲရွာဟောင်း | |
| ၆။ | နွားလပိုးအုပ်စု | လယ်ထွဲရွာသစ် | |
| ၇။ | နွားလပိုးအုပ်စု | လင်ဖုံ(အထက်) | |
| ၈။ | နွားလပိုးအုပ်စု | လင်ဖုံ(အောက်) | |
| ၉။ | နွားလပိုးအုပ်စု | ဒေါခေါ်ခူ | |
| ၁၀။ | နွားလပိုးအုပ်စု | မော်ချီးစုစည်း | |
| ၁၁။ | နွားလပိုးအုပ်စု | ၃ မိုင်ပကြံစံပြ | |
| ၁၂။ | နွားလပိုးအုပ်စု | ထီးသူးကူး | |
| ၁၃။ | နွားလပိုးအုပ်စု | ပျားကနဲ | |
| ၁၄။ | နွားလပိုးအုပ်စု | မြေနီကုန်း | |
| ၁၅။ | နွားလပိုးအုပ်စု | ထေးပလော်ခူ | |
| ၁၆။ | နွားလပိုးအုပ်စု | ထီရီ | |
| ၁၇။ | နွားလပိုးအုပ်စု | ကယန်းသာယာ(တောင်) | |
| ၁၈။ | နွားလပိုးအုပ်စု | ကယန်းသာယာ(မြောက်) | |
| ၁၉။ | နွားလပိုးအုပ်စု | သပြေကုန်း | |
| ၂၀။ | နွားလပိုးအုပ်စု | ကျောက်ကြီး(တောင်) | |

လူထုဗဟိုပြုစီမံကိန်းမှ လူထုပူးပေါင်းပါဝင်သောနည်းဖြင့် ဒုတိယနစ်စီမံကိန်း မိတ်ဆက်အစည်းအဝေး

(၂၀၁၇-၂၀၁၈) ခုနှစ်

ကျေးရွာအုပ်စုအမည်-**နွားလပိုး** ကျေးရွာအမည်-**မြေနီကုန်း** ရက်စွဲ ၁၇.၁၀.၂၀၁၇

**၁။ ကျေးရွာသမိုင်းအကြောင်း**

မြေနီကုန်းကျေးရွာသည် ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ နွားလပိုးကျေးရွာအုပ်စု အတွင်းရှိ ကျေးရွာများအနက်တစ်ရွာအဖြစ်တည်ရှိပါသည်။ ၁၉၇၀ ခုနှစ်တွင်မြေနီကုန်းကျေးရွာရှိ ကျေးရွာလူထုများသည် ဖရူဆိုမြို့နယ်တွင် နေထိုင်ခဲ့ကြပြီး ကယားလူမျိုးများဖြစ်ကြပါသည်။ ကျေးရွာလူကြီး ဦးဖဲဘူး၏စီမံမှုဖြင့် ရန်ကုန်-လွိုင်ကော် လမ်းမကြီး၏ အနောက်ဘက်တွင် ဖရူဆိုကျေးရွာမှအိမ်ခြေ(၅)အိမ်ဖြင့် စတင်ပြောင်းရွှေ့ နေထိုင်ခဲ့ကြပါသည်။ ယခုအချိန်တွင်မူမြေနီကုန်း ကျေးရွာတွင်အိမ်ခြေ(၁၀၀)ကျော်ရှိနေပြီဖြစ်သည်။ မြေနီသောကုန်းပေါ် တွင်ကျေးရွာကိုတည်ထား သောကြောင့်မြေနီကုန်းကျေးရွာဟုခေါ် ဆိုခဲ့ကြသည်။ မြေနီကုန်းကျေးရွာ တွင်ကယားလူမျိုးအများဆုံး နေထိုင်ပြီး ဗမာလူမျိုး၊ ရှမ်းလူမျိုး နှင့် ကယောလူမျိုး အနည်းငယ် နေထိုင်ကြပါသည်။

မြေနီကုန်းကျေးရွာ၏ ယုံကြည်ကိုးကွယ်မှုမှာ ခရစ်ယာန်ဘာသာကိုအဓိကကိုးကွယ်ကြ သော်လည်းနောက်ပိုင်းတွင်အခြားလူမျိုးများလည်းလာရောက်နေထိုင်ကြသောကြောင့်ဗုဒ္ဓကိုးကွယ်သူ များလည်းရှိလာပါသည်။ ကျေးရွာ၏ ပညာရေးပတ်သက်ပြီး ရွာမိရွာဖများသည် ရွာစတင် တည်ထောင်စဉ်ကတည်းက ဦးဆောင်မည့်သူမရှိသောကြောင့် မိဘများသည် မိမိသား၊ သမီးများကို ပညာသင်ကြားစေလိုသူများက အ.မ.က(နောင်ယာ) ယခု အ.ထ.က(၃) ကျောင်းတွင် အသီးသီး စေလွှတ်ပြီး ပညာသင်ကြားစေပါသည်။ သို့သော်ယခုတွင် ကျေးရွာရှိကလေးငယ် ပညာ သင်ကြားရန် အတွက်မူလတန်းစာသင်ကျောင်းရှိနေပြီဖြစ်သည်။ ယခုအ.မ.ကမြေနီကုန်းကျောင်းကိုရွာလူကြီးမှ ဦးဆောင်ကာ ၁၉၈၁ ခုနှစ်တွင်ကိုယ်ထူကိုယ်ထကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ကြပါသည်။ ထိုသို့စတင်ဖွင့်လှစ်ပြီး (၂)နှစ်ကြာပြီးနောက် ၁၉၈၃-၁၉၈၄ ပညာသင်နှစ်မှစ၍ အစိုးရစာသင်ကျောင်း အဖြစ်သတ်မှတ်ခဲ့ပါသည်။ မြေနီကုန်းကျေးရွာ၏စီးပွားရေးမှာ တောင်ယာနှင့်လယ်ယာများကို အဓိကလုပ်ကိုင် စားသောက်နိုင်ရန်အတွက်မြေလွတ်မြေလပ်များရှာဖွေဖော်ထုတ်လုပ်ကိုင်ကြပါသည်။ ထိုလယ်ယာများသည် မိုးရေသောက်လယ်ယာ မြေများဖြစ်သောကြောင့် ရာသီဥတုကောင်းပါက သီးနှံအထွက်တိုးပါသည်။ ရာသီဥတုမကောင်းသောနှစ်တွင်မူ သီးနှံပျက်စီးပြီးအထွက်နှုန်းနည်းပါသည်။ ယခုအခါတွင်ကျေးရွာပတ်ဝန်းကျင်တွင် လူနေအိမ်ခြေ အရေအတွက်များပြားလာသောကြောင့် မြေလွတ်မြေလပ်များမရှိတော့ခြင်းကြောင့် တောင်ယာ၊လယ်ယာများလုပ်ကိုင် စားသောက်ရန်အတွက် များစွာအခက်အခဲရှိပါသည်။ ထို့သို့မြေယာ အခက်အခဲကြောင့် အချို့မိသားစုမှာ လယ်ယာလုပ်ကိုင် နိုင်ခြင်းမရှိဘဲ ကျဘမ်းလုပ်ငန်းများဖြစ်သော လက်သမား၊ လုပ်ငန်း၊ ပန်းရံလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကြောင်းပြုကြရပါသည်။ ကျေးရွာအတွင်းရှိလမ်းများမှာ မြေသားလမ်း များသာ ဖြစ်သောကြောင့် မိုးရာသီတွင် သွားလာရန်ခက်ခဲပါသည်။ နွေရာသီတွင် သောက်သုံးရေ လုံ လောက် မှု မရှိသောကြောင့် အခြားကျေးရွာတွင်သွားရောက်ခပ်ယူရခြင်း နှင့် အချို့မှာဝယ်ယူသုံးစွဲကြရပါသည်။

မြေနီကုန်းကျေးရွာ၏ အဓိကလိုအပ်ချက်မှာ လူနေမှုအဆင့်အတန်းမြင့်မား လာစေရန်နှင့် အတွေးအခေါ်အယူအဆများမြင့်မားလာစေရန်ဖြစ်သည်။ ထိုအချက်များပြည့်စုံတိုးတက် လာပါက သာယာလှပသောကျေးရွာတစ်ရွာဖြစ်လာမည်ဟု ကျေးရွာသူ၊ရွာသားများက ယုံကြည်ထား ကြပါသည်။

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်နော်ထူးထူးအောင်


ရာထူး- လူထုစည်းရုံးရေးမှူး

## လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုရေးအရင်းအမြစ်ပြမြေပုံ (Social Map/ Resource Map) | ၂၀၁၇.၁၀.၂၀ | ရပ်မိ/ရပ်ဖကော်မတီဝင်များ | ၃၆ | ၃၀ | ၆၆ | အိမ်အမျိုးအစားများ၊အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊လယ်ယာမြေ၊မြစ်ချောင်း၊ရေတွင်းရေကန်သစ်တောများ |
| ၂။ | ဉစ္စာနေကြွယ်ဝမှုအဆင့်သတ်မှတ်ချက်(Wealth Ranking) | ၂၀၁၇.၁၀.၂၀ | ချမ်းသာ၊အလယ်အလတ်၊နွမ်းပါးအုပ်စု | ၃၆ | ၃၀ | ၆၆ | ကျေးရွာလူမှုစီးပွားအုပ်စုများ၊ခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံ စံနှုန်း များ သတ် မှတ်ခြင်း၊ကျေးရွာသားများနှင့်အများသဘောတူခွဲခြားသတ်မှတ်ခြင်း၊ |
| ၃။ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၂၀၁၇.၁၀.၂၀ | ကော်မတီဝင်၊အမျိုးသမီး၊အမျိုးသားများ | ၃၆ | ၃၀ | ၆၆ | အမျိုးသမီးနှင့်အမျိုးသားများပိုင်ဆိုင်ပြီးထိန်းချုပ်ထားသည့်ပိုင်ဆိုင်မှု(သို့)အရင်းအမြစ်များကိုသုံးသပ်ခြင်း |
| ၄။ | ရာသီခွင်ပြက္ခဒိန်(Seasonal Calender) | ၂၀၁၇.၁၀.၂၀ | ကော်မတီဝင်၊အမျိုးသမီး၊အမျိုးသားများ | ၃၆ | ၃၀ | ၆၆ | ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊လယ်ယာလုပ်ငန်းများ၊ ဝင်ငွေထွက်ငွေ၊ မွေးမြူရေးလုပ်ငန်းများ၊ |
| ၅။ | ပင့်ကူအိမ်ကွန်ယက်(SPider Web) | ၂၀၁၇.၁၀.၂၀ | အမျိုးသမီး၊အမျိုးသားများ | ၃၆ | ၃၀ | ၆၆ | အမျိုးသမီး၊အမျိုးသားများတန်းတူအခွင့်အရေးရရှိမှုနှင့်မရရှိသည့်အကြောင်းအရင်းများ၊ |
| ၆။ | အဖွဲ့အစည်းချိတ်ဆက်ပုံ (venn Diagram) | ၂၀၁၇.၁၀.၂၀ | ကျေးရွာလူမှုဖွံ့ဖြိုးရေးအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာစီထောက်အဖွဲ့ | ၃၆ | ၃၀ | ၆၆ | ကျေးရွာတွင်းရှိ အဖွဲ့ အစည်းများနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းအတွက်ချိတ်ဆက်ဆောင်ရွက်လုပ်ကိုင်မှု |

## ကျေးရွာ၏ လူမှုရေးအရင်းအမြစ်ပြမြေပုံရေးဆွဲခြင်း

မြို့နယ်-လှိုင်ကော်   ကျေးရွာအုပ်စု-နွားလပိုး   ကျေးရွာ-မြေနီကုန်း   ရက်စွဲ -၁၇.၁၀.၂၀၁၇




**ပါဝင်ဆွေးနွေးသူ -**

ကျား -   ၁၄

မ -   ၂၃

**မှတ်တမ်းတင်သူ**

အမည်- ဒေါ်နော်ထူးထူးအောင်

ရာထူး -လူထုစည်းရုံးရေးမှူး

# လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်

မြေနီကုန်းကျေးရွာတွင် အိမ်ခြေ (၁၁၁) အိမ် ရှိပြီး ကယားလူမျိုးအများဆုံးနေထိုင်ကြပါသည်။ ဗမာလူမျိုး၊ ရှမ်းလူမျိုး နှင့်ကယောလူမျိုး များလည်းနေထိုင်ကြပါသည်။ လယ်ယာစိုက်ပျိုးခြင်းလုပ်ငန်းကို အဓိက လုပ်ကိုင် ပြီး အသက်မွေးဝမ်းကြောင်းပြုကြသောကျေးရွာဖြစ်ပါသည်။ လယ်ယာများတွင် စပါး၊ ပြောင်း၊ ပဲစဉ်းငုံ စသည့်တို့ကို စိုက်ပျိုး ကြပါသည်။ ထိုစိုက်ပျိုးသီးနှံ ကိုသာအမည်ပြုပြီး မိသားစု၏စားဝတ်နေရေး ပြဿနာကိုဖြေရှင်းကြရပါသည်။ ရာသီဥတုမကောင်းသောနှစ်တွင် စိုက်ပျိုးသီးနှံများရောင်းသော်လည်း မိသားစုစားဝတ်နေရေးများအတွက် ဖူလုံမှုမရှိသောကြောင့် အမျိုးသားများသည် ပန်းရံလုပ်ငန်းများ၊ လက်သမားလုပ်ငန်းများ၊ ကျောက်ထုခြင်းလုပ်ငန်းများ၊ ကားနောက်လိုက်ခြင်း စသောလုပ်ငန်းများကို လုပ်ကိုင်ကြပြီး အမျိုးသမီးများမှာ ဈေးရောင်းခြင်း၊ အထည်ချုပ်ခြင်း နှင့် ယက်ကန်းရက်ခြင်း စသည့်လုပ်ငန်းများကို တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေရန် လုပ်ကိုင်ကြပါသည်။ မြေနီကုန်းကျေးရွာရှိ အိမ်ထောင်စုတိုင်းသည် ကြက်၊ ဝက် တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည် ။

ကျေးရွာတွင် မိုးနှင့်ဆောင်းရာသီတွင်ရေ လုံလောက်မှုရှိသော်လည်း နွေရာသီတွင်ရေလုံလောက်မှု မရှိသောကြောင့် ရေဝယ်ယူသုံးစွဲရခြင်း နှင့် အခြားကျေးရွာသို့သွားရောက်ခပ်ရခြင်းဖြင့် ရေမလုံ လောက်မှုကို ဖြေရှင်းခဲ့ကြရသည်။ ကျေးရွာတွင် ကျန်းမာရေးနှင့်ပတ်သက်ပြီး ကျန်းမာရေးဆေးပေး ခန်းမရှိပါ။ ကျန်းမာရေးနှင့်ပတ်သက်ပြီး အခက်အခဲရှိပါက လင်ဖုံကျေးရွာတွင်ရှိသော ကျန်းမာရေး ဆေးပေးခန်းတွင် သွားရောက်ဆေးကုသမှုခံယူကြရသည်။ သို့သော်ကျန်းမာရေးနှင့်ပတ်သက်ပြီး အရေးပေါ်အခြေအနေတွင် ကြုံတွေ့ရင်ဆိုင်ရပါက လွိုင်ကော်ဆေးရုံကြီးတွင် သွားရောက်ဆေးကု သမှုခံယူကြရပါသည်။

ကျေးရွာတွင် ကလေးများပညာသင်ကြားနိုင်ရန်အတွက် မူလတန်းစာသင်ကျောင်း တစ်ကျောင်း ရှိပါသည်။ မူလတန်းကျောင်းပြီးသွားပါကအလယ်တန်းပညာရေး နှင့်အထက်တန်းပညာရေးအတွက်ကို လွိုင်ကော် မြို့ပေါ်ရှိ အထက်တန်းကျောင်းတွင်များတွင် ဆက်လက်ပညာသင်ကြားကြပါသည်။ ကျေးရွာရှိ အိမ်ထောင်စုအများစုမှာ လျှပ်စစ်မီးရရှိပြီး အချို့မှာစားဝတ်နေရေးအဆင်မပြေသောကြောင့် လျှပ်စစ်မီးမသွယ်တန်းနိုင်ဘဲ ဖယောင်းတိုင်မီး ကိုသာအသုံးပြုကြပါသည်။ မြေနီကုန်း ကျေးရွာ ရှိရွာလမ်းများသည်မြေသားလမ်းများဖြစ်သောကြောင့်မိုးရာသီတွင်သွား လာရန်ခက်ခဲကြပါသည်။ လမ်းများချော်ပြီးဗွက်ထူသောကြောင့် ကလေးများကျောင်းသွားရာတွင် အခက်အခဲရှိပါသည်။ မြေနီကုန်းကျေးရွာ၏ ဧရိယာတွင် စားသောက်ဆိုင် ဓါတ်ဆီဆိုင်များ ရှိသော်လည်းထိုဆိုင်များသည် လုပ်ငန်းရှင်များမှ မြေနီကုန်းကျေးရွာ၏ မြေဧရိယာကိုဝယ်ယူပြီး လုပ်ငန်းလုပ်ကိုင် ကြခြင်းဖြစ်ပါသည်၊ ထိုသူများသည် ရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပူးပေါင်းပါဝင်မှုမရှိပါ။ ကျေးရွာတွင်အခြားသူများ မှမြေကွက်များဝယ်ယူပြီး အိမ်များဆောက်ထားသော်လည်း လာရောက်နေထိုင်ခြင်းမရှိဘဲ အိမ်ငှားများသာ လာရောက်နေထိုင်ကြပါသည်။ ကျေးရွာ၏သာရေး/နာရေးနှင့်ဖွံ့ဖြိုးရေး လုပ်ငန်းများလုပ်ဆောင် ရာတွင်ကယား လူမျိုးအများစုမှအဓိကဦးဆောင်ပြီး အတူတကွလုပ်ဆောင်ကြပါသည်။

# ဥစ္စာဓနအဆင့် ခွဲခြားမှု စံနမူနာပုံစံ

မြို့နယ် -လှိုင်ကော်  ကျေးရွာအုပ်စု-နွားလပိုး  ကျေးရွာ-မြေနီကုန်း ရက်စွဲ -၁၇.၁၀.၂၀၁၇

| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်းများ | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | ထွန်စက်၊ကျောက်တင်ကား၊တိုက်အိမ်၊ပျဉ်ထောင်အိမ်၊ဓါတ်ဆီဆိုင်၊စားသောက်ဆိုင်၊ကုန်စုံဆိုင်၊ပြောင်းပွဲရုံ၊လယ်ယာ၊တောင်ယာ(၅)ကေမှ(၈)ကေ၊ထော်လော်ဂျီ၊အိမ်စီးကား၊ဖုန်း | ၂၀ | ၁၈ % |
| အလယ်အလတ် | လယ်ယာ၊တောင်ယာ(၃)ကေ မှ (၅) ကေ ထော်လော်ဂျီ၊နွားလှည်း၊ဆိုင်ကယ်(၂)စီး၊ပျဉ်ထောင်အိမ်၊ဖုန်း | ၅၀ | ၄၅% |
| ဆင်းရဲ/နွမ်းပါး | လယ်ယာ၊တောင်ယာ(၁)ကေ မှ (၃)ကေထိ ဂါးထန်ရံအိမ်၊စက်ဘီး၊ဆိုင်ကယ်(၁)စီး၊နွားလှည်း၊ဖုန်း၊သားသမီးများသောအိမ်ထောင်စု | ၄၁ | ၃၇% |
| | **စုစုပေါင်း** | ၁၁၁ | ၁၀၀% |

**ပါဝင်ဆွေးနွေးသူ -**

ကျား - ၁၄

မ - ၂၃

**မှတ်တမ်းတင်သူ**

အမည်- ဒေါ်နော်ထူးထူးအောင်

ရာထူး -လူထုစည်းရုံးရေးမှူး

# ဥစ္စာဓနကြွယ်ဝမှုဇယား သုံးသပ်ချက်

မြေနီကုန်းကျေးရွာ၏ ဥစ္စာဓနကြွယ်ဂမှုကို အဆင့်(၃)ဆင့်သတ်မှတ်ထားကြပါသည်။ အိမ်ခြေနှင့်အိမ်ထောင်စုအရေ အတွက်(၁၁၁)အိမ်ရှိသည့်အနက် အိမ်ခြေ(၂၈)မှာ ချမ်းသာအဆင့် ၊ အိမ်ခြေ(၅၈)မှာအလယ်အလတ်အဆင့်တွင်ရှိပြီးအိမ်ခြေ(၄၁)အိမ်မှာ ဆင်းရဲအဆင့်တွင်ရှိသည်ဟု သတ်မှတ်ထားကြပါသည်။ ဆင်းရဲပြီးနွမ်းပါးရခြင်းနှင့်စားဂတ်နေရေး မပြေလည်သည့် အကြောင်းအရင်း မှာလယ်ယာနှင့်တောင်ယာ ပိုင်ဆိုင်မှုနည်းပါးခြင်း၊ အလုပ်အကိုင်အတည်တကျမရှိခြင်းနှင့် အလုပ်လုပ် သူနည်းပြီး မိသားစုဦးရေများခြင်း စသည်တို့ကြောင့်ဖြစ်ပါသည်၊ အချို့သောသူများ မှာလယ်ယာ မဂယ်နိုင်ခြင်းနှင့် ရင်းနီးငွေမရှိခြင်းတို့ကြောင့် စားဂတ်နေရေးမပြေလည်ကြပါ။ ထိုသို့စားဂတ်နေရေး မပြေလည်သောကြောင့် အမျိုးသားများသည် စိုက်ပျိုးရာသီနားပါကပန်းရံ၊ လက်သမားလုပ်ငန်းများ လုပ်ကိုင်ကြပြီး အမျိုးသမီးများသည် ခြံအငှားလိုက်ခြင်းဈေးရောင်းခြင်းဖြင့် စားဂတ်နေရေးပြေလည် စေရန်ဖြေရှင်းခဲ့ကြပါသည်။

ဥစ္စနကြွယ်ဂမှုအဆင့်(၃)ဆင့်အနက် ချမ်းသာသောအဆင့်တွင်ရှိသည့် အိမ်ခြေ(၂၈) မှာထွန်စက်၊ ကျောက်တင်ကား၊ ကုန်စုံဆိုင်၊ဓါတ်ဆီဆိုင်၊ စားသောက်ဆိုင်၊ ပြောင်းပွဲရုံ ၊ ထော်လော်ဂျီ ၊ဖုန်း ၊ ဆိုင်ကယ်(၃)စီး ပိုင်ဆိုင်ပြီး အိမ်အနေအထားမှာပျဉ်ထောင်အိမ် ၊ တိုက်အိမ်တို့ဖြင့်နေထိုင်ပြီး လယ်ယာနှင့်တောင်ယာ (၅)ကေမှ(၈)ကေအထိ ပိုင်ဆိုင်ကြပါသည်။

အလယ်အလတ်အဆင့်တွင်ရှိသော အိမ်ခြေ(၅၈)တွင် ထော်လော်ဂျီ ၊ ဆိုင်ကယ်(၂)စီး ၊ နွားလှည်း၊ ဖုန်းနှင့်အိမ် အနေအထားမှာပျဉ်ထောင်အိမ်ကိုပိုင်ဆိုင်ထားပြီး လယ်နှင့်တောင်ယာမှာ(၃) ကေမှ (၅)ကေ အထိ ပိုင်ဆိုင်ထားကြပါ သည်။ စားဂတ်နေရေးမှာတစ်နှစ်တာဖူလုံမှုရှိကြပါသည်။

ဆင်းရဲအဆင့်စားဂတ်နေရေးမပြေလည်သော အဆင့်တွင်ရှိ သည့်အိမ်ခြေ(၄၁)အိမ်မှာ ဂါးထရံအိမ်ဖြင့်နေထိုင်ကြပြီး နွားလှည်းဆိုင်ကယ်(၁)စီး ပိုင်ဆိုင်ပြီး လယ်နှင့်တောင်ယာမှာ (၁)ကေမှ(၃)ကေအထိပိုင်ဆိုင်ထားသည့်အပြင် သားသမီးများသောအိမ်ထောင်စုများဖြစ်ကြပါသည်။ အလုပ် အကိုင်အတည်တကျမရှိခြင်းကြောင့် ဂင်ငွေနည်းပါးပြီး စားဂတ်နေရေးလုံလောက်မှုမရှိပါ၊ အချို့အိမ်ထောင်စုမှာလည်းလယ်ယာမြေပိုင်ဆိုင်မှုမရှိကြပါ။နေ့စားလုပ်ငန်းများသာဆောင်ရွက်ကြရသ ည်။ မိုးခေါင်ရေရှားပြီး ရာသီဥတု ဖောက်ပြန်သောနှစ်တွင် စားဂတ်နေရေးအဆင့်မပြေကြပေ။ တစ်နှစ်တာ စားဂတ်နေရေးပြေလည်ရန်အတွက် အခြားသူများထံ ချေးငှားစားသောက်ရပြီး နောက်နှစ်ရာသီသီးနှံများရောင်းပြီးချိန်မှသာ အကြွေးများပြန်လည်ဆပ်ကြရပါသည်။ အချို့သော သူများမှာ အတိုးများများငွေချေးယူပြီး စားဂတ်နေရေးပြေလည်စေရန် ဖြေရှင်းခဲ့ကြပါသည်။

# ရာသီခွင်ပြက္ခဒိန်

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု |  | | | | | | | | | | | |
| စိုက်ပျိုးရေး | | | စပါးစိုက်၊ပြောင်းစိုက်၊မြေပဲစိုက်၊ပြောင်း[illegible]က်။ ပဲစေ့ငုံစိုက်၊ပေါင်းလိုက်၊ | | | စပါးရိတ်၊ပြောင်းရိတ်သိမ်း မြေပဲနုတ် | | | ပြောင်းဟောက် ရိတ်သိမ်း | ပဲစေ့ငုံ ရိတ်သိမ်း | | |
| ဝင်ငွေ | | | | | | | | $$ | $$ | $ | $ | |
| ထွက်ငွေ | | $$ | | $ | $ | | $$ | | | | | |
| ကျန်းမာရေး | | | | | | | | တုတ်ကွေး | | နှာစေး၊ချောင်းဆိုး | | |
| ပွဲလမ်းသဘင် | | | | | | ဒီးကူပွဲ | | | ခရစ္စမတ်ပွဲ | | | |
| သောက်သုံးရေ ရရှိမှု | ရေရှားပါးခြင်း | | | | | | | | | | | ရေရှားပါးခြင်း |
| အစားအစာ ဖူလုံမှု | | | အသီးအရွက်များပေါ်များခြင်း ၊ကြက်များရှိခြင်း | | | | | | | | | |
| တောလိုက် အမဲလိုက်ခြင်း | ဂါသနာပါ သူများမှ တောလိုက် ခြင်း | | | | | | | | | | | ဂါသနာပါ သူများမှ တောလိုက် ခြင်း |
| အားလပ်ချိန် | အလုပ်ပါးချိန် | | | | | | | | | | | အလုပ်ပါးချိန် |

ပါဝင်ဆွေးနွေးသူ -

ကျား - ၁၄

မ - ၂၃

မှတ်တမ်းတင်သူ

အမည်- ဒေါ်နော်ထူးထူးအောင်

ရာထူး -လူထုစည်းရုံးရေးမှူး

# ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်

မြေနီးကုန်းကျေးရွာ၏ အဓိက စိုက်ပျိုးသောသီးနှံမှာ ပြောင်း ၊ စပါး ၊မြေပဲ ၊ပဲစဉ်းငုံ ၊ ပြောင်းကောက်တို့ဖြစ်ပြီးထိုသီးနှံများကို ဇွန်လတွင် စိုက်ပျိုးကြပြီး နိုဝင်ဘာလ နှင့် ဒီဇင်ဘာလများ တွင်ရိတ်သိမ်းပြီး ပဲစဉ်းငုံများကို ဇန်နဝါရီလ တွင်ရိတ်သိမ်းကြပါသည်။ ဒီဇင်ဘာလနှင့် ဇန်နဝါရီလ များတွင် သီးနှံများရောင်းချကြသောကြောင့် ဝင်ငွေအများဆုံးရရှိပြီး အချို့ လများတွင် နေ့စားအလုပ်များ သွားရောက်လုပ်ကိုင်ကြသောကြောင့် ဝင်ငွေအနည်းငယ်ရရှိကြပါသည်။ မေလနှင့် ဒီဇင်ဘာလများတွင် စိုက်ပျိုးချိန်အတွက် မြေဩဇာများ ၊ မျိုးစေ့များ ဝယ်ယူရသည့်အတွက် ထွက်ငွေ များပိုများပါသည် ၊ အချို့အိမ်ထောင်စုမှာ ဆန်စပါး ပိုမိုရရှိသည့်နှစ်တွင် သိုလှောင်ထားပြီးငွေလိုအပ် သော်အချိန်မှသာ ပြန်လည်ရောင်းချကြပါသည်။

ပွဲလမ်းသဘင်များအနေဖြင့် စက်တင်ဘာလတွင်ဒီးကူပွဲ နှင့် ဒီဇင်ဘာလတွင် ခရစ္စမတ်ပွဲများ ကျင်းပကြပါသည်။ ကျန်းမာရေးအနေဖြင့် ဇန်နဝါရီလတွင် နာစေး ၊ ချောင်းဆိုး အဖြစ်များပြီး ဒီဇင်ဘာလတွင် တုတ်ကွေးရောဂါများ ခံစားရလျှက်ရှိသည် ၊ မတ်လမှ ဇွန်လအထိတွင် သောက်သုံးရေ ရှားပါးပြီးလုံလောက်မှုမရှိသော ကြောင့်ဝယ်ယူသုံးစွဲရခြင်း နှင့် အခြားကျေးရွာတွင် သွားရောက်ခပ်ယူသုံးစွဲရပါသည်။ အချို့အိမ်ထောင်စုမှာ ကိုယ်ပိုင် ရေတွင်းတူးပြီး အချို့မှာ အများသုံးရေလှောင်ကန် အသုံးပြုကြသော်လည်း နွေရာသီတွင် သောက်သုံးရေ လုံလောက် မှုမရှိပေ။ ဇွန်လ မှ အောက်တိုဘာလအထိ သီးနှံများထွက်သောအချိန် ဖြစ်သောကြောင့် အစားအသောက်ဖူ လုံမှုရှိပါသည်။ ဖေဖော်ဝါရီလနှင့် ဧပြီလ များတွင်စိုက်ပျိုးရာသီများပြီး အလုပ်ပါးသောကြောင့် နေ့စားအလုပ်များသွားရောက်လုပ်ကိုင်ကြပြီး အချို့မှာတောလိုက် အမဲလိုက်ခြင်းများပြုလုပ်ကြပါသည်။

# အရင်းအမြစ်သုံးစွဲမှုနှင့်ထိန်းချုပ်မှုပုံစံပြဇယား

| ကျား | မ | ကျား + မ |
|---|---|---|
| ထော်လဂျီ | တဆေးလုပ်ငန်း | ဘောလုံးကွင်း |
| ထွန်စက် | ယက်ကန်း | စာသင်ကျောင်း |
| ကိုင်းရှည်ထွန်စက် | အပ်ချုပ်စက် | စာကြည့်တိုက် |
| ပရိဘောဂလုပ်ငန်း | | ဘုရားကျောင်း |
| | | ဓမ္မာရုံ |
| | | တောင်ယာ/လယ်ယာ |
| | | ဂါးရုံ |
| | | စက်ဘီး |
| | | ဆိုင်ကယ် |
| | | ရေတွင်း |
| | | ရေကန် |
| | | နွားလှည်း |

ပါဝင်ဆွေးနွေးသူ -

ကျား - ၁၄

မ -၂၃

မှတ်တမ်းတင်သူ

အမည်- ဒေါ်နော်ထူးထူးအောင်

ရာထူး -လူထုစည်းရုံးရေးမှူး


# အရင်းအမြစ်ထိန်းချုပ်မှုပုံစံဇယားသုံးသပ်ချက်

မြေနီကုန်းကျေးရွာတွင် အိမ်ခြေ(၁၁၁)အိမ်ရှိပြီး ကယားလူမျိုးအများဆုံး နေထိုင်ကြပါသည်။ ဗမာလူမျိုး၊ ရှမ်းလူမျိုး နှင့်ကယောလူမျိုး များလည်းနေထိုင်ကြပါသည်။ လယ်ယာစိုက်ပျိုးခြင်းလုပ်ငန်းကို အဓိကလုပ်ကိုင်ပြီး အသက်မွေးဝမ်းကြောင်းပြုကြသောကျေးရွာဖြစ်ပါသည်။ လယ်ယာများတွင် စပါး၊ ပြောင်း၊ ပဲစဉ်းငုံ စသည့်တို့ကို စိုက်ပျိုး ကြပါသည်။ ထိုစိုက်ပျိုးသီးနှံ ကိုသာအမည်ပြုပြီး မိသားစု၏စားဝတ်နေရေး ပြဿနာကိုဖြေရှင်းကြရပါသည်။ ရာသီဥတုမကောင်းသောနှစ်တွင် စိုက်ပျိုးသီးနှံများရောင်းသော်လည်း မိသားစုစားဝတ်နေရေးများအတွက် ဖူလုံမှုမရှိသောကြောင့် အမျိုးသားများသည် ပန်းရံလုပ်ငန်းများ၊ လက်သမားလုပ်ငန်းများ၊ ကျောက်ထုခြင်းလုပ်ငန်းများ၊ ကားနောက်လိုက်ခြင်း စသောလုပ်ငန်းများကို လုပ်ကိုင်ကြပြီး အမျိုးသမီးများမှာ ဈေးရောင်းခြင်း၊ အထည်ချုပ်ခြင်း နှင့် ယက်ကန်းရက်ခြင်း စသည့်လုပ်ငန်းများကို တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေရန် လုပ်ကိုင်ကြပါသည်။ မြေနီကုန်းကျေးရွာရှိ အိမ်ထောင်စုတိုင်းသည် ကြက်၊ ဝက် တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည် ။

ကျေးရွာတွင် မိုးနှင့်ဆောင်းရာသီတွင်ရေ လုံလောက်မှုရှိသော်လည်း နွေရာသီတွင် ရေလုံလောက်မှုမရှိသောကြောင့် ရေဝယ်ယူသုံးစွဲရခြင်းနှင့် အခြားကျေးရွာသို့သွားရောက်ခပ်ရခြင်း ဖြင့်ရေမလုံလောက်မှုကိုဖြေရှင်းခဲ့ကြရသည်။ ကျေးရွာတွင် ကျန်းမာရေးနှင့်ပတ်သက်ပြီး ကျန်းမာရေး ဆေးပေးခန်းမရှိပါ။ ကျန်းမာရေးနှင့်ပတ်သက်ပြီး အခက်အခဲရှိပါက လင်ဖုံကျေးရွာတွင်ရှိသော ကျန်းမာရေးဆေးပေးခန်းတွင် သွားရောက်ဆေးကုသမှုခံယူကြရသည်။ သို့သော်ကျန်းမာရေးနှင့် ပတ်သက်ပြီး အရေးပေါ်အခြေအနေတွင် ကြုံတွေ့ရင်ဆိုင်ရပါက လွိုင်ကော်ဆေးရုံကြီးတွင် သွားရောက်ဆေးကုသမှုခံယူကြရပါသည်။

ကျေးရွာတွင် ကလေးများပညာသင်ကြားနိုင်ရန်အတွက် မူလတန်းစာသင်ကျောင်း တစ်ကျောင်းရှိပါသည်။ မူလတန်းကျောင်းပြီးသွားပါကအလယ်တန်းပညာရေး နှင့်အထက်တန်း ပညာရေးအတွက်ကို လွိုင်ကော်မြို့ပေါ်ရှိ အထက်တန်းကျောင်းတွင်များတွင် ဆက်လက်ပညာသင်ကြားကြပါသည်။ ကျေးရွာရှိ အိမ်ထောင်စုအများစုမှာ လျှပ်စစ်မီးရရှိပြီး အချို့မှာစားဝတ်နေရေးအဆင်မပြေသောကြောင့်လျှပ်စစ်မီးမသွယ်တန်းနိုင်ဘဲဖယောင်းတိုင်မီးကိုသာအသုံးပြုကြပါသည်။ မြေနီကုန်းကျေးရွာရှိရွာလမ်းများသည်မြေသားလမ်းများဖြစ်သောကြောင့် မိုးရာသီတွင်သွား လာရန်ခက်ခဲကြပါသည်။ လမ်းများချော်ပြီးဗွက်ထူသောကြောင့် ကလေးများကျောင်းသွားရာတွင် အခက်အခဲရှိပါသည်။ မြေနီကုန်းကျေးရွာ၏ ဧရိယာတွင် စားသောက်ဆိုင် ခါတ်ဆီဆိုင်များ ရှိသော်လည်းထိုဆိုင်များသည် လုပ်ငန်းရှင်များမှ မြေနီကုန်းကျေးရွာ၏ မြေဧရိယာကိုဝယ်ယူပြီး လုပ်ငန်းလုပ်ကိုင် ကြခြင်းဖြစ်ပါသည်၊ ထိုသူများသည် ရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်မှုမရှိပါ။ ကျေးရွာတွင်အခြားသူများမှမြေကွက်များဝယ်ယူပြီး အိမ်များဆောက်ထားသော်လည်း လာရောက်နေထိုင်ခြင်းမရှိဘဲ အိမ်ငှားများသာ လာရောက်နေထိုင်ကြပါသည်။ ကျေးရွာ၏သာရေး/နာရေးနှင့်ဖွံ့ဖြိုးရေး လုပ်ငန်းများ လုပ်ဆောင်ရာတွင်ကယားလူမျိုးအများစုမှအဓိကဦးဆောင်ပြီးအတူတကွလုပ်ဆောင်ကြပါသည်။

# ပင့်ကူအိမ်သုံးသပ်ခြင်းပြပုံ




ပါဝင်ဆွေးနွေးသူ -

ကျား - ၁၄

မ - ၂၃

မှတ်တမ်းတင်သူ

အမည်- ဒေါ်နော်ထူးထူးအောင်


ရာထူး -လူထုစည်းရုံးရေးမှူး

# ပင့်ကူအိမ် သုံးသပ်ချက်

မြေနီကုန်းကျေးရွာရှိ အမျိုးသမီးများသည် အိမ်မှုကိစ္စများတွင်သာ ရာခိုင်နှုန်းပြည့်အချိန်ကုန်နေကြသောကြောင့် ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဦးဆောင်မှု၊ ပါဝင်မှုများအားနည်းသောကြော့င် ဆုံးဖြတ်ချက်ချရာတွင် အားနည်းကြပါသည်။ ထို့သို့အိမ်မှုကိစ္စများနှင့်သာပိုမိုအချိန်ကုန်နေကြသောကြောင့် ဝင်ငွေရသောလုပ်ငန်း များဆောင်ရွက်နိုင်ခြင်းမရှိခြင်းကြောင့် အမျိုးသမီးများအတွက် ဝင်ငွေရရှိမှုနည်းပါးပါသည်။ အမျိုးသမီးများသည် အပြင်ပွဲလမ်းသဘင်များ သွားလာရာတွင်လည်းကောင်း အခြားနေရာများသို့သွားရောက်လည်ပတ်သွားလာရာတွင်လည်းကောင်း လွတ်လပ်စွာသွားလာနိုင်ခြင်းမရှိပါ၊ အဘယ်ကြောင့်ဆိုသော် အိမ်မှုကိစ္စများနှင့် သားရေးသမီးရေး များကိုနောက်ဆံတင်းနေရသောကြောင့်ဖြစ်ပါသည်။

မိသားစုများ၏ကျန်းမာရေးနှင့် ကလေးစောင့်ရှောက်မှုများကိုလည်း အမျိုးသမီးများကသာ ပိုမိုဦးဆောင်ပြီးစောင့်ရှောက်ကြပါသည်။ ကျေးရွာ၏သာရေး/နာရေးနှင့်လူမှုရေးလုပ်ငန်းများတွင်အမျိုးသားနှင့် အမျိုးသမီးများအတူတကွ ပူးပေါင်းဆောင်ရွက်ကြပါသည်။ အမျိုးသမီးများသည် အိမ်အလုပ်နှင့်သာ အချိန်ကုန်နေကြရသောကြောင့် ဝင်ငွေနည်းခြင်း၊ ပြောရဲဆိုရဲမှုအားနည်းခြင်းနှင့် ဆုံးဖြတ်ချက်ချရာတွင်လည်းအားနည်းနေခြင်းများရှိပါသည်။ ထို့ကြောင့် အမျိုးသမီးများကိုပိုမိုအားပေးပြီး ပြောရဲဆိုရဲရှိလာစေရန်၊ ဆုံးဖြတ်ချက်များချနိုင်စေရန်နှင့် ဦးဆောင်နိုင်စေရန် ကူညီပံ့ပိုးပြီး အတူတကွလုပ်ဆောင်သွားရမည်ဖြစ်ပါသည်။

# အဖွဲ့အစည်းချိတ်ဆက်မှု ပြပုံ(ကျေးရွာအတွင်း/အပြင်)




ပါဝင်ဆွေးနွေးသူ -

ကျား - ၁၄

မ - ၂၃

မှတ်တမ်းတင်သူ

အမည်- ဒေါ်နော်ထူးထူးအောင်


ရာထူး -လူထုစည်းရုံးရေးမှူး

# ကျေးရွာချိတ်ဆက်မှု သုံးသပ်ချက်

မြေနီကုန်း ကျေးရွာတွင် ကျေးရွာအတွင်းအဖွဲ့ အစည်းများအနေဖြင့် အုပ်ချုပ်ရေးမှူး ၊လူငယ်အဖွဲ့ ၊ စီအေအဖွဲ့ ၊ ရပ်မိရပ်ဖအဖွဲ့ ၊ ကျောင်းဒကာ ၊ ဆယ်အိမ်မှူး ၊ အားနာအသင်း စသည့်အဖွဲ့အစည်းများ ရှိပါသည်။ လူငယ်အဖွဲ့ ၊စီအေအဖွဲ့ ၊ အားနာအသင်း စသောအဖွဲ့အစည်းများသည် ကျေးရွာ၏ သာရေး/ နာရေး /ဘာသာရေးနှင့် လူမှုရေးလုပ်ငန်းများတွင် အတူတကွချိတ်ဆက်ပြီးဆောင်ရွက်ကြပါသည်။ဆယ်အိမ်မှူး၊ ရပ်မိရပ်ဖများသည် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ချိတ်ဆက်ပြီး ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများကို အတူတကွ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ကြပါသည်။ ကျေးရွာရှိ အဖွဲ့အစည်းများအားလုံးသည် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် ချိတ်ဆက်ပြီး ဆောင်ရွက်ကြပါသည်။

Save The Children အဖွဲ့သည် ကျန်းမာရေးနှင့်ပတ်သက်ပြီး အသိပညာ ရရှိစေရန် အသိပညာပေး ဟောပြောခြင်းများကို ကျေးရွာအတွက်ပြုလုပ်ပေးပါသည်။ CDD အဖွဲ့သည် ကျေးရွာတွင် ကော်မတီများဖွဲ့ပြီး ထိုကော်မတီများကို သင်တန်းများပေးခြင်း နှင့် ကျေးရွာလူထုများနှင့် တွေ့ဆုံကာ အစည်းအဝေးများကျင်းပပြီး ကျေးရွာအတွက်အမှန်တကယ်လိုအပ်လျက်ရှိသော လုပ်ငန်းများကိုဖော်ထုတ်ဆွေးနွေးခြင်း၊ လိုအပ်လျက်ရှိသော လုပ်ငန်းများသည် အကျိုးဝင်သော လုပ်ငန်းဖြစ်ပါက တွက်ချက်ဆောင်ရွက်ပေးခြင်း စသောကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကိုဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျန်းမားရေးအဖွဲ့များသည် ကျန်းမာရေးအသိပညာပေးခြင်းနှင့် ကာကွယ်ဆေးများထိုးပေးခြင်း စသောကျေးရွာလူထုများ၏ ကျန်းမာရေးအတွက် ဆောင်ရွက်ပေးပါသည်။

# ကျေးရွာစီ/ထောက်ကော်မတီဖွဲ့စည်းပုံဇယား




ပါဝင်ဆွေးနွေးသူ -

ကျား - ၁၄


မ- ၂၃

မှတ်တမ်းတင်သူ

အမည်- ဒေါ်နော်ထူးထူးအောင်

ရာထူး-လူထုစည်းရုံးရေးမှူး

## ကျေးရွာအုပ်စုစီထောက်ကော်မတီဖွဲ့စည်းပုံဇယား




ပါဝင်ဆွေးနွေးသူ -

ကျား - ၄၃

မ-၃၃

မှတ်တမ်းတင်သူ

အမည်- ဒေါ်နော်ထူးထူးအောင်

ရာထူး-လူထုစည်းရုံးရေးမှူး

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

<table>
<tr><td colspan="6">လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။</td></tr>
<tr><td colspan="2">ကျေးရွာခေါင်းဆောင် အမည်<br>ဦးဒေါ့ရယ်</td><td colspan="2">ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ်<br>၀၉၄၂ ၅၀၀ ၇၈၀၂</td><td colspan="2">လူထုစည်းရုံးရေးမှူး၏ အမည်<br>ဒေါ်ဇော်ထူးထူးအောင်</td></tr>
<tr><td>ပြည်နယ်/တိုင်းဒေသကြီး ကယား</td><td>မြို့နယ် ဖရူဆို</td><td colspan="2">ကျေးရွာအုပ်စု ဒူးယိုး</td><td colspan="2">ကျေးရွာ မော့ဖိုကူး</td></tr>
</table>

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ကယား | ၈၇ | ဘာသာ (၁) ---ခရစ်ယာန် | ၈၉ |
| လူမျိုးစု (၂) ---ဗမာ | ၁၈ | ဘာသာ (၂) ---ဗုဒ္ဓ | ၂၂ |
| လူမျိုးစု (၃) ---ရှမ်း<br>ကယော | ၄<br>၂ | ဘာသာ (၃) --------- | |
| လူမျိုးစုရေ --------- | | ဘာသာရေ --------- | |
| | | | |
| | | | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၃၅ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၃၃၁ | ၃၇၇ |
| လူမျိုးစု (၁)-----ကယား | ၂၈၀ | ၃၁၇ |
| လူမျိုးစု (၂)-----ဗမာ | ၃၅ | ၃၇ |
| လူမျိုးစု (၃)-----ရှမ်း | ၁၀ | ၁၅ |
| ကယော | ၆ | ၈ |
| | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၁၀၀ | ၁၁ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☑ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေတိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| တ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား __________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — (ရှိပါသည်)/မရှိပါ/မသိပါ UNDP

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ် ၂၀၀၅ /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--၃----/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၁၀ မိနစ်--- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်---------၁၀ မိနစ်------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ --------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---------------------------------

(၂) ---------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးရွှေဂျယ်

လက်မှတ် [signature] နေ့စွဲ ၉.၁၀.၂၀၁၈

လူထုစည်းရုံးရေးမှူး အမည် ဒေါ်နော်ထူးထူးအောင်

လက်မှတ် [signature] နေ့စွဲ ၉.၁၀.၂၀၁၈

## ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | | | |
|---|---|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဖော်နော်ထူးထူးအောင် | | | | | |
| နေ့စွဲ ၁၇.၁၀.၂၀၁၇ | | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် လွိုင်ကော် | ကျေးရွာအုပ်စု ဆိုးလယ်ရိုး | | ကျေးရွာ မြေနီကုန်း | |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၇.၁၀.၂၀၁၇ | ၁၇.၁၀.၂၀၁၇ | ၃၆ | ၃၀ | ၆၆ | ဂေဘား ၂<br>ကယား ၆၄ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၇.၁၀.၂၀၁၇ | ၁၇.၁၀.၂၀၁၇ | ၃၆ | ၃၀ | ၆၆ | ဂေဘား ၂<br>ကယား ၆၄ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၀.၁၁.၂၀၁၇ | ၁၀.၁၁.၂၀၁၇ | ၄၃ | ၃၃ | ၇၆ | ကယား ၂၈ ရှမ်း - ၃<br>ကယန်း ၁၂ ကရင် - ၆<br>ပအိုဝ့် ၂၅ ဗမာ - ၂ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၆.၁၂.၂၀၁၇ | ၆.၁၂.၂၀၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၁၀.၁.၂၀၁၈ | ၁၀.၁.၂၀၁၈ | ၃၆ | ၃၅ | ၇၁ | ဗမာ ၂<br>ရှမ်း ၃<br>ကယား ၆၆ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၀.၁.၂၀၁၈ | ၁၀.၁.၂၀၁၈ | ၃၆ | ၃၅ | ၇၁ | ဗမာ ၂<br>ရှမ်း ၃<br>ကယား ၆၆ |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | ၁၀.၁.၂၀၁၈ | ၁၀.၁.၂၀၁၈ | ၇ | ၆ | ၁၃ | ကယား ၁၃ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၁၀-၁-၂၀၁၇ | ၁၀-၁-၂၀၁၈ | ၇ | ၆ | ၁၃ | ကယား | ၁၃ |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၁၀-၁-၂၀၁၈ | ၁၀-၁-၂၀၁၈ | ၇ | ၆ | ၁၃ | ကယား | ၁၃ |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၁၀-၁-၂၀၁၈ | ၁၀-၁-၂၀၁၈ | ၇ | ၆ | ၁၃ | ကယား | ၁၃ |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့်အစည်းအဝေး<br>၇.၁။ အစည်းအဝေး ပထမအကြိမ်<br>၇.၂။ အစည်းအဝေး ဒုတိယအကြိမ်<br>၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်နော်ထူးထူးအောင် | | | |
| နေ့စွဲ ၁၇.၁၀.၂၀၁၇ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဒီမော့ဆို | ကျေးရွာအုပ်စု ဒိုးလဲပိုး | ကျေးရွာ ခြေမိုကုန်း |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | မိုးတွင်းတွင် မြောက်များ ဖွံ့များထွက်၍သွားလာရန်ခက်ခဲခြင်း | ၁ | နွေရာသီတွင် သောက်သုံးရေများ လုံလောက်မှု မရှိခြင်း |
| ၂ | သောက်သုံးရေများ လုံလောက်မှုမရှိခြင်း | ၂ | ရွာတွင်း လမ်းများ သွားလာရန် ခက်ခဲခြင်း |
| ၃ | ညအချိန် (မြို့သို့) သွားလာရန် အတွက် ခက်ခဲခြင်း | ၃ | အချို့ နေရာတွင် မီး မရှိသေးသောကြောင့် ကလေးများ စာဖတ်ရာတွင် ခက်ခဲခြင်း |
| ၄ | ကျောင်းသားဦးရေ များသောကြောင့် စာသင်ခန်း လုံလောက်မှု မရှိခြင်း | ၄ | လမ်းမီး များ မရှိသောကြောင့် ညအချိန်သွားလာရန် ခက်ခဲခြင်း |
| ၅ | ကလေးငယ်များ များနာသောအခါတွင် | ၅ | အချိန် မှီဆေးကုသမှု ခံယူနိုင်ရန် ခက်ခဲခြင်း |
| ၆ | ဆေးဝါး ထောက်ပံ့မှု မရှိခြင်း | ၆ | အားဝတ်နေရေး မ မှုံလုံသောကြောင့် ကလေးများ ပညာရေးထောက်ပံ့ရန် အားနည်းခြင်း |
| ၇ | ကလေးငယ်များ အတွက် မူကြိုမရှိသော | ၇ | |
| ၈ | ကြောင့် သာသာနာမရွှေ့ရကို အသုံးပြုရခြင်း | ၈ | အမျိုးသမီးများ ဝင်ငွေနည်းခြင်း နှင့် ဝင်ငွေမရှိခြင်း |
| ၉ | လူမှုအဖွဲ့များ နှင့် ချိတ်ဆက်ဆောင်ရွက် | ၉ | ကြောင့် အိမ်တွင်း မှုသင်တန်း တက်ရောက်နိုင်မှုမရှိခြင်း |
| ၁၀ | ရွာတွင် နှင့် အစည်းအဝေးများ ပြုလုပ်ရန် အဆင်မပြေခြင်း၊ နေရာခက်ခဲခြင်း | ၁၀ | မူကြိုရှေ့ ကလေးများအတွက် ပညာသင်ကြားရန် ခက်ခဲခြင်း |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ရွာတွင်း သွားလာရေး အဆင်ပြေလာစေရန် | ၁ | ရွာတွင်း လမ်းများ သွားလာရန် အဆင်ပြေစေရန် |
| ၂ | သောက်သုံးရေ လုံလောက်စွာ ရရှိလာရန် | ၂ | အိမ်တိုင်း သန့်ရှင်းသော သောက်သုံးရေ ရရှိရန် |
| ၃ | ညအချိန် သွားလာရန် အဆင်ပြေလာစေရန် | ၃ | ကျေးရွာရှိ အိမ်တိုင်း မီး ရရှိရန် |
| ၄ | ကလေးများ အဆင်ပြေစွာ စာသင်နိုင်ရန် | ၄ | ဆေးဝါး ထောက်ပံ့မှု ရရှိရန် |
| ၅ | ကျန်းမာရေး အတွက် ဆေးဝါး ထောက်ပံ့မှု ရရှိရန် | ၅ | စိုက်ပျိုးရေး၊ မွေးမြူရေး၊ နည်းစနစ် ရရှိလာပါက ဝင်ငွေများ ရရှိလာမည် |
| | | ၆ | |
| | ကလေး သူငယ် ပညာရေး အတွက် မူကြို ကျောင်း ရရှိရန် | ၇ | အိမ်တွင်း မှုသင်တန်း ရှိပါက အမျိုးသမီး များ ဝင်ငွေ များ ရရှိလာမည် |
| | | ၈ | |
| | ကျေးရွာတွင် သာရေး၊ နာရေး ဆောင်ရွက်ရန် အတွက် နှင့် အဖွဲ့အစည်းများ နှင့် ချိတ်ဆက်ဆောင်ရွက်ရန် နေရာရရှိနိုင်ရန် | ၉ | ပညာသင်ကြားရန် ကလေးငယ်များ အတွက် မူကြိုကျောင်း ရရှိရန် |
| | | ၁၀ | ကျေးရွာတွင် သာရေး၊ နာရေး အစည်းအဝေး များ ကျင်းပရန် ခန်းမ ရရှိနိုင်ရန် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | စာထည်းအဝေးခန်းမဆောင် | ကျ+မ | ၁၉၂ သိန်း | ၅၀၈ မြို့ |
| ၂ | ရွာတွင်းလမ်း | ကျ+မ | | |
| ၃ | လမ်းမီး၊ ဆိုလာမီး | ကျ+မ | | |
| ၄ | ရေသွယ်ခြင်း | ကျ+မ | | |
| ၅ | စာသင်ကျောင်းအခန်းတိုးချဲ့ခြင်း | ကျ+မ | | |
| ၆ | မူကြိုကျောင်းအသစ်တည်ဆောက်ခြင်း | ကျ+မ | | / |
| ၇ | | | | |
| ၈ | | | | |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ဆေးပေးခန်းအသစ်တည်ဆောက်ခြင်း | ကျ + မ | |
| ၂ | အိမ်တွင်းမှုသင်တန်း | မ | |
| ၃ | စိုက်ပျိုးရေး၊ မွေးမြူရေးသင်တန်း | မ | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---------ဒေါ်ဂျွန်းနို--------- လက်မှတ် ---------[signature]--------- နေ့စွဲ-----၁၇-၁၀-၂၀၁၇-----

ပထမအကြိမ် ၊ ဒုတိယအကြိမ် ........................................ အစည်းအဝေးအစီရင်ခံစာ

| | | | |
|---|---|---|---|
| နေ့ရက် | ၁၇ . ၁၀ . ၂၀၁၇ | အချိန် | မှ ထိ |
| နေရာ | မြေနီကုန်း မူကြိုကျောင်း | ကျေးရွာအုပ်စု/ကျေးရွာ | အုန်းသီးဘုပ်ရ ၊ မြေနီကုန်းကျေးရွာ |
| မြို့နယ် | လွိုင်ကော် | ပြည်နယ် | ကယား |

အစည်းအဝေးအစီအစဉ်

| | |
|---|---|
| ၁ | ဖွင့်ပွဲဆောင်ရွက်ခြင်း ၊ လူထုဗဟိုပြု စီမံကိန်းမိတ်ဆက် ၊ စီမံကိန်းစက်ဝန်း |
| ၂ | ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့ ပြန်လည်ဖွဲ့စည်းခြင်း ၊ လူမှုဆန်းစစ်ခြင်း |
| ၃ | အခက်အခဲ ၊ မျှော်မှန်းချက်နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ပြန်လည်အတည်ပြုခြင်းနှင့် |
| ၄ | နောက်လုပ်ငန်းစဉ်များအား ရှင်းလင်းခြင်း ၊ အကာအကွယ်နှင့် စံနှုန်းများအား ရှင်းလင်းခြင်း |
| ၅ | အစည်းအဝေး ပိတ်သိမ်းခြင်းနှင့် ကျေးဇူးတင်စကား ပြောကြားခြင်း |

| ဆွေးနွေးသည့်အကြောင်းအရာများ | ဦးဆောင်ဆွေးနွေးသူ |
|---|---|
| - စီမံကိန်းမိတ်ဆက်နှင့် စီမံကိန်းစက်ဝန်းများအား ပြန်လည်ရှင်းပြခြင်း<br>- စေတနာ့ဝန်ထမ်းနှင့် ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့အား ပြန်လည်ရွေးချယ်ခြင်း<br>- လူမှုဆန်းစစ်ချက်များအား ပြန်လည်သုံးသပ် ဆွေးနွေးခြင်း<br>- အခက်အခဲ ၊ မျှော်မှန်းချက်နှင့် ပထမနှစ်စက်ဝန်းမှ ရွေးချယ်ထားသော စီမံကိန်းလုပ်ငန်းခွဲများအား ပြန်လည်ဆွေးနွေးခြင်း<br>- အကျုံးဝင်သောလုပ်ငန်း ၊ အကာအကွယ်များနှင့် စံနှုန်းများအား ဆွေးနွေးရှင်းလင်းခြင်း | ဒေါ်နော်ထူးထူးအောင်<br>ဦးကာမြေးလယ်<br>ဒေါ်အိဖြိုးဟန် |

ဆွေးနွေးဆုံးဖြတ်ချက်များ-

ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့ရှိကော်မတီအချို့သည် အခြားအမြဲသွားနေကြသောကြောင့် တာဝန်ထမ်းဆောင်နိုင်ခြင်း မရှိသောကြောင့် ကျေးရွာလူထုများမှ ကော်မတီပြန်ဖွဲ့ရန် ဆုံးဖြတ်ခဲ့ကြပါသည်။ ပထမနှစ်စက်ဝန်းမှ ရွေးချယ်ထားသောလုပ်ငန်းများကိုလည်း ပြန်လည်ဆွေးနွေးပြီး ကျေးရွာအတွက် အမှန်တကယ်လိုအပ်ချက်ရှိသော ခန်းမဆောင် ဆောက်လုပ်ရန် အတွက်ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။

အကြံပြုချက်များ-

မှတ်တမ်းပြုစုသူ ဒေါ်နော်ထူးထူးအောင်

ရာထူး - လူထုအစည်းရုံးရေးမှူး

## အမျိုးသမီးအဖွဲ့မှ တင်ပြသော အခက်အခဲ အတားအဆီးများ

- စာသင်ကျောင်းတွင် ကျောင်းသားဦးရေ များသောကြောင့် စာသင်ခုံများ လုံလောက်မှုမရှိခြင်း
- အမျိုးသမီးများသည် မွေးမြူရေး လုပ်ငန်းလုပ်ကိုင်ကြသောကြောင့် ကျေးရွာ အတွက် စိုက်ပျိုးရေး နှင့် မွေးမြူရေး နှင့် ပတ်သက်သော နည်းစနစ်များ မရှိခြင်းကြောင့် ခက်ခဲခြင်း

## ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအနှစ်ချုပ် မူရင်းအား VPSC တွင် ထားရှိရပါမည်။ အခြားဌာနဆိုင်ရာများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။ MIS Data အဖြစ်သွင်းရန်မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | ဦးစားပေး | လ/နှစ် | ကျေးရွာမှ တာဝန်ခံသူ(သို့) အုပ်စု | ပြင်ပမှ မည်သူထောက်ပံ့မလဲ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | လမ်း | မ ( √ )<br>ကျား (√ ) | | | |
| | ၂ | အစည်းအဝေးခန်းမဆောင် တည်ဆောက်ခြင်း။ | မ ( √)<br>ကျား(√ ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| အသက်မွေးဝမ်းကြောင်း/ စိုက်ပျိုးရေး | ၁ | စိုက်ပျိုး/မွေးမြူရေးသင်တန်းပို့ချပေးခြင်း၊ | မ ( √)<br>ကျား(√ ) | | | |
| | ၂ | အိမ်တွင်းမှုသင်တန်းပို့ချပေးခြင်း။ | မ (√ )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ကျန်းမာရေးနှင့် ပညာရေး | ၁ | ရေသွယ်ခြင်း။ | မ( √ )<br>ကျား(√ ) | | | |
| | ၂ | ဆေးပေးခန်းတည်ဆောက်ခြင်း။ | မ( √ )<br>ကျား(√ ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( ) | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | | | ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | မ ( )<br>ကျား( ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ပညာရေး | ၁ | စာသင်ကျောင်းအခန်းတိုးချဲ့ခြင်း။ | မ (√ )<br>ကျား(√ ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| အခြား | ၁ | လမ်းမီး/ အိမ်မီး | မ (√ )<br>ကျား( √) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |

# ဦးစားပေးလုပ်ငန်းအကျဉ်းချုပ်ဇယား

| စဉ် | လုပ်ငန်းအမည် | ဦးစားပေး အဆင့် | အဆိုပြုသူ ( ကျား) | အဆိုပြုသူ (မ) | အဆိုပြုသူ ( ကျား+မ) | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | အစည်းအဝေးခန်းမဆောင် တည်ဆောက် ခြင်း | ၁ | | | √ | |
| ၂။ | စာကြည့်တိုက်အသစ်တည် ဆောက်ခြင်း | ၂ | | √ | | |
| ၃။ | မူကြိုကျောင်းအသစ်တည် ဆောက်ခြင်း | ၃ | | √ | | |
| ၄။ | ရွာတွင်းလမ်း | ၄ | | | √ | |
| ၅။ | ဓာတ်တိုင်တိုးချဲ့ခြင်း | ၅ | | | √ | |
| ၆။ | ရေနုတ်မြောင်း နှင့် ရေကျော် တံတား | ၆ | | | √ | |
| ၇။ | အိမ်တွင်းမှုသင်တန်း | ၇ | | √ | | |

ပါဝင်ဆွေးနွေးသူ -

ကျား - ၁၄

မ - ၂၃

မှတ်တမ်းတင်သူ

အမည်- ဒေါ်နော်ထူးထူးအောင်

ရာထူး -လူထုစည်းရုံးရေးမှူး

# လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



